ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

# ၂၀၁၆ ခုနှစ်၊ ရေဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၆ ခုနှစ်၊ ရေဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် – ၁/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

ရေဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ရေဝတီတိုင်းဒေသကြီး ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ် အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက် စေရမည်။

## အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများ အနက် ပြည်ပအကူအညီရငွေ နှင့် ချေးယူရငွေတို့အတွက် လျာထားရန် အကြောင်းပေါ် ပေါက်လာပါက ယင်းသို့ ရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ ကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားခြင်း မရှိ သေးသော သုံးငွေများကို သုံးစွဲရန်ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့်ခွင့်ပြုပါက တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်ထားသည့်ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာန များနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည် လုပ်ငန်း အရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆–၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ အခွန်ဆိုင်ရာ ဥပဒေများနှင့် အညီ ရသင့် ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည်

လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၂)နှင့် (၄)တို့တွင် ဖော်ပြထားသော သုံးငွေများကိုစီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၆–၂၀၁၇ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

၅။ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၆။ (က) တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေ နှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၃) နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်း နှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊

စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၇။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၃) နှင့် (၄)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆ – ၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၈။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဝန်ကြီးချုပ်
ရော်ဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃.၄၀၀ | | ၅၃၈.၀၈၉ | | | ၂၆၀၀.၀၀၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၁၀.၀၅၀ | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၂၀၀ | | | | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၁၆၄ | | | | | | |
| | | ပေါင်း | ၃.၄၀၀ | | ၆၄၈.၅၀၃ | | | ၂၆၀၀.၀၀၀ | | | |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၈၆၁.၀၁၈ | | ၂၆၀၀.၀၀၀ | ၁၇၁၆၉.၇၁၇ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၄၆.၉၂၇ | | | ၂၀၀၇.၄၇၁ | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားသူကြီးချုပ်က တာဝန်ပေးသူ | ၈၈.၄၅၀ | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၅၅၈.၂၃၈ | | | ၂၄၇.၈၄၄ | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၃၀၄.၃၅၈ | | | ၂၂၃.၄၀၀ | | | |
| | | ပေါင်း | ၆၆၅၈.၉၉၁ | | ၂၆၀၀.၀၀၀ | ၂၀၄၄၈.၄၃၂ | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင် ကောက်ခံသည့်အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၁၇၁၄.၂၅၀** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၇၁၄.၂၅၀ | | | | | | | | |
| ၂ | | **နိုင်ငံတော်ပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက်** | ၄င်း | **၄၇၉၈.၉၄၂** | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၉၃.၅၆၅ | | | | | | | | |
| | ၂ | တာတမံခွန် | | ၇.၂၅၃ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၂၆၆.၅၃၀ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၆၂.၇၁၇ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၄၂၆၈.၈၇၉ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန်** | ၄င်း | **၁၀၅၃.၂၅၈** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၈၆၆.၆၉၃ | | | | | | | | |
| | ၂ | ဘီးခွန် | | ၁၈၆.၅၆၅ | | | | | | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | **၂၅.၃၄၉** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | | | ၁၂.၂၄၂ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | | | ၀.၀၅၀ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | | | ၁၃.၀၅၇ | | | | | | |
| ၅ | | **သမဝါယမ** | ၄င်း | | | **၁၆.၁၀၄** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၁၄.၈၀၆ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁.၂၉၈ | | | | | | |
| ၆ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၄င်း | | | **၃၂.၀၀၀** | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃၂.၀၀၀ | | | | | | |
| ၇ | | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၄င်း | | | **၂၃.၅၆၀** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၂၀.၁၂၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၃.၄၄၀ | | | | | | |
| ၈ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၄င်း | | | **၂၀.၄၁၉** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၂၀.၄၁၆ | | | | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀.၀၀၃ | | | | | | |
| ၉ | | **အားကစား** | ၄င်း | | | **၂၁.၁၄၇** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၂၁.၁၄၇ | | | | | | |
| ၁၀ | | **သတ္တုတွင်း** | ၄င်း | | | **၆၁.၆၂၀** | | | | | | |
| | ၁ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာန) | | | | ၆၁.၆၂၀ | | | | | | |
| ၁၁ | | **ဘဏ္ဍာရေး** | ၄င်း | | | | | | **၁၁၆၂၀၀.၀၀၀** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၁၆၂၀၀.၀၀၀ | | | |
| ၁၂ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | | | **၀.၁၉၁** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၁၉၁ | | | | | | |
| ၁၃ | | **ဆောက်လုပ်ရေး** | ၄င်း | | | **၂၂၆.၂၇၆** | | | | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၂.၄၇၆ | | | | | | |
| | ၂ | လမ်းဦးစီးဌာန | | | | ၂၀၃.၈၀၀ | | | | | | |
| ၁၄ | | **ကုန်တင်ကုန်ချကော်မတီရုံး** | ၄င်း | | | **၀.၀၀၂** | | | | | | |
| ၁၅ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | | | **၉၂၉၈.၉၉၆** | | | | | | |
| | | ပေါင်း | | ၇၅၆၆.၄၅၀ | | ၉၇၂၅.၆၆၄ | | | ၁၁၆၂၀၀.၀၀၀ | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | **၁၂၈၁၂.၈၃၉** | | | **၄၁၃၆.၉၄၃** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၁၀၅၀၀.၁၄၈ | | | ၂၁၄၉.၅၆၃ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၂၁၈.၀၃၃ | | | ၂၃၉.၉၈၇ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | ၂၀၉၄.၆၅၈ | | | ၁၇၀၇.၃၉၃ | | | |
| ၂ | | **သမဝါယမ** | ၄င်း | **၁၂၅၉.၀၉၀** | | | **၂၂၄.၂၄၈** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၂၁၁.၇၀၇ | | | ၇၁.၂၆၈ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၄၇.၃၈၃ | | | ၁၅၂.၉၈၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၄င်း | **၂၄၈၂.၈၉၅** | | | **၄၀၀.၀၄၁** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၂၄၈၂.၈၉၅ | | | ၄၀၀.၀၄၁ | | | |
| ၄ | | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၄င်း | **၁၃၆၅.၆၀၈** | | | **၃၅၄.၅၀၆** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၇၃၅.၇၉၈ | | | ၁၇၈.၃၂၃ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၆၂၉.၈၁၀ | | | ၁၇၆.၂၆၃ | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၄င်း | **၁၂၅၁.၈၅၆** | | | **၂၅၈.၈၅၉** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၁၈၄.၄၃၃ | | | ၇၀.၄၄၉ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၆၇.၄၂၃ | | | ၁၈၈.၄၁၀ | | | |
| ၆ | | **အားကစား** | ၄င်း | **၅၂၉.၂၈၅** | | | **၅၇၉.၉၈၆** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၅၂၉.၂၈၅ | | | ၅၇၉.၉၈၆ | | | |
| ၇ | | **သတ္တုတွင်း** | ၄င်း | **၆၉.၉၄၉** | | | **၁၄၈.၄၀၅** | | | |
| | ၁ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာန) | | ၆၉.၉၄၉ | | | ၁၄၈.၄၀၅ | | | |
| ၈ | | **ဘဏ္ဍာရေး** | ၄င်း | **၇၄.၅၉၀** | | | **၂၆၅.၃၇၀** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၇၄.၅၉၀ | | | ၂၆၅.၃၇၀ | | | |
| ၉ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | **၆၃၈.၀၀၁** | | | **၄၄၉.၃၇၀** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆၃၈.၀၀၁ | | | ၄၄၉.၃၇၀ | | | |
| ၁၀ | | **ဆောက်လုပ်ရေး** | ၄င်း | **၁၆၈၄၄.၆၅၁** | | | **၅၂၃၀၀.၇၀၀** | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၀၆.၂၃၅ | | | ၆၃၆.၀၉၇ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၁၆၆၃၈.၄၁၆ | | | ၅၁၇၄၄.၆၀၃ | | | |
| ၁၁ | | **ကုန်တင်ကုန်ချကော်မတီရုံး** | ၄င်း | **၇၆.၉၉၂** | | | | | | |
| ၁၂ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | **၅၀၅၀.၄၁၁** | | | **၅၃၀၁.၀၃၉** | | | |
| | | ပေါင်း | | ၄၂၄၅၆.၁၆၇ | | | ၆၄၅၀၀.၄၂၃ | | | |